# အင်းဝခေတ် ရတုကဗျာ(၂)ပုဒ်မှ အလှနှင့်ရသ ဖန်တီးမှု
#

လှမြွေးဝင်း[4]#

#

## စာတမ်းအကျဉ်း#

#

ဤစာတမ်းသည် အင်းဝခေတ် ရတုကဗျာ(၂)ပုဒ်၏ အလှနှင့်ရသကို လေ့လာတင်ပြထားပါသည်။ အလှ နှင့်ရသ သဘော၊ အင်းဝခေတ် ရတုကဗျာ(၂)ပုဒ်မှ အလှနှင့်ရသ ဖန်တီးပုံတို့ပါဝင်ပါသည်။ စာဖတ်သူ၏ စိတ်ကို နှစ်သက်ခံစားမှုဖြစ်စေခြင်းသည် ရသစာပေတို့၏ အလုပ်ဖြစ်သည်။ ထိုအလှကို ဖြစ်ပေါ်ခံစား လာစေရန် ရှင်မဟာရဋ္ဌသာရနှင့် ရှင်တေဇောသာရဆိုသည့် ရဟန်းစာဆို (၂)ဦးတို့က "ဝဏ္ဏပဘာ" ရတု နှင့်"ရွှေရုပ်သွင်" ရတုကဗျာများထဲတွင် စိတ်ကူး၊ စကားလုံး၊ ဖွဲ့နွဲ့မှုတို့ကို တန်ဆာဆင်ခဲ့ကြသည့် အကြောင်းကို တင်ပြထားပါသည်။

#

သော့ချက်ဝေါဟာရများ - အလှနှင့်ရသ၊ ခံစားမှု၊ စိတ်ကူး၊ ဝေါဟာရ၊ အသံကာရန်။

#

[4]#ဒေါက်တာ၊တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ မအူပင်တက္ကသိုလ်#